## Highlights from DVB Debate's Transparency of Home Affairs

## January 30, 2016

## "How Transparent is the Ministry of Home Affairs?"

"ပြည်သူ့ရေးရာလုပ်တဲ့ ဝန်ထမ်းတွေဟာ တနေ့ကို လူဘယ်နယောက်နဲ့တွေ့ရမယ် ဘယ်လောက် အချိန်ကြာရမယ်ဆိုတာမျိုး စနစ်မျိုးသွားရမယ်။ ကျနော်တို့ နိုင်ငံမှာက ဟိုဘက်စားပွဲက စာရွက်တရွက် ဒီဘက်စားပွဲပေါ် ရောက်ဖို့တောင် တော်တော်ကြာတယ်လေ"

ဦးအောင်သူငြိမ်း - အစိုးရစနစ်ဆိုင်ရာသုတေသီ

---

"ထွေအုပ်တွေ မြို့နယ်ခရိုင်အုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ငန်းဆောင်တာတွေ တိတိကျကျမရှိဘူး။ မြို့နယ် ခရိုင် ထွေအုပ်တွေကို ဥပဒေနဲ့ မောင်းနှင်ဖို့ လိုတယ်.. အမိန့်နဲ့ မဟုတ်ဘဲ"

ဦးသိန်းညွန့် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂၀၁၀-၂၀၁၆)

---

"မှန်ပါတယ် ကျနော်တို့တွေမှာက ဖြစ်သင့်တာက အောက်ကနေ အထက်ကို သွားတဲ့ပုံစံမျိုးဖြစ်သင့်တာ အခုက အထက်ကနေ အောက်သွားတဲ့ အုပ်ချုပ်ရေးဖြစ်နေတယ်။ ပြည်သူတွေနဲ့လည်း ရင်းနှီးမှုမရှိဘူး"

ဦးထွဏ်းထွဏ်း - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိဟောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်

---

"ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေဆိုတာ အခြေခံအစိုးရပဲ သူတို့ကို ဒီမိုကရေစီကျကျပြောင်းပေးဖို့ လိုတယ်။ နောက် ရပ်ကျေးရွေးချယ်တဲ့ ရွေးကောက်ပွဲပုံစံကလည်း တော်တော်ရှုပ်ထွေးတယ်"

ဦးဂျင်မီ - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

---

"အခု လုပ်နေတဲ့ ဆယ်အိမ်စုမှူးရွေးနည်းလုပ်ထားတာက ဖွဲ့စည်းပုံအခြေခံဥပဒေ အတိုင်းလည်း မဟုတ်ဘဲ လက်သင့်ရာလူတို့ပဲ တက်လာနေတယ်၊ အဓိကက ရပ်ကျေးဥပဒေကို ပြင်ဖို့လိုတယ်"

ဦးသိန်းညွန့် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂၀၁၀-၂၀၁၆)

---